# “တ” သုံးလုံးမှု

တာတိုမှာ –   ခွန်အား
တာလတ်မှာ – အဆုံးအဖြတ်
တာဝေးမှာ –   စိတ်ဓါတ်

ဆိုတဲ့ စကားအတိုင်း ကျနော်တို့ ၁၉၈၈ ခုနှစ်တုန်းက ဒီမိုကရေစီရေးအတွက် တာတိုမှာ– တာစထွက်တော့ ခွန်အားအပြည့် တွေနဲ့ ထွက်ဖြစ်ခဲ့ကြတာပါ။ တာလတ်မှာ– အရှိန်အဟုန်ကြီးလာပြီး အဆုံးအဖြတ်ပေးရမဲ့ အချိန်ရောက်မှ ကျနော်တို့ ဘက်မှာညီညွတ်ပြီးစနစ်ကျတဲ့ ဦးဆောင်မှုကို မတည်ဆောက်ထားနိုင်မှုတို့ ကြောင့် စစ်တပ်က ဝင်ပြီး **အာဏာသိမ်းအဆုံးအဖြတ်** ပေးသွားခဲ့ ပါတယ်။

အခုကျနော်တို့ အားလုံး တာဝေးကို ရင်ဆိုင်နေရတဲ့အချိန်မှာ အရေးအကြီးဆုံးက စိတ်ဓါတ်ခိုင်ဖို့ လိုပါတယ်။ **ရန်/ ငါ** စည်းပြတ်သားဖို့ လိုပါတယ်။ မပြတ်သားခဲ့လို့ ဆုံးရှုံးခဲ့ရတဲ့ အဖြစ်အပျက်တွေကို သင်ခန်းစာယူပြီး ပြတ်ပြတ်သားသား တွေးခေါ် နိုင်ဖို့ အရေးကြီးပါတယ်။

ဒီမိုကရေစီစနစ်နဲ့ စစ်အာဏာရှင်စနစ်ကို မိတ်ဘက်လို့ သဘောထားလို့ မရပါဘူး။ အသွင်သဏ္ဌာန်ခြင်း မတူတဲ့အတွက် အတူတကွပူးပေါင်းပြီးသွားလို့ မရဘူးဆိုတာ အစကတည်းက ရှင်းရှင်းလင်းလင်း သိထားဖို့ လိုပါတယ်။ ဒါကြောင့်လဲ ၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံကြီး ပေါ်ပေါက်လာတာပါ။ ရသမျှနဲ့ ရောင့်ရဲတင်းတိမ်ပါလို့ စကားရှိပေမဲ့ စစ်အာဏာရှင်ပေးသမျှဘဲယူမယ်ဆိုတာ ကတော့ ညံ့ ဖျင်းတဲ့အတွေးအခေါ်ပါ။ စစ်အာဏာရှင်ပေးသမျှ နဲ့ ဘဲကြေနပ်ကြမယ် ဆို ရင်အနှစ် ၂၀ လုံးလုံးအချိန်ဖြုန်းခဲ့ စရာမလိုပါဘူး။ ၁၉၆၂ ကစပြီးယနေ့ ထိ အသက်တွေ ပေးပြီး တိုက်ပွဲဝင်ခဲ့တာတွေ အလကားဖြစ်ကုန်မှာပေ့ါ။ တခုသိထားဖို့ က ဒီမိုကရေစီကို စစ်အာဏာရှင်ဆီက တောင်းယူနေတာ မဟုတ်ဘူးဆိုတာပဲ။ တောင်းယူနေတယ် လို့ စိတ်မှာခံယူထားရင် မရတော့ ပါဘူး။ ကမ္ဘာမှာ ဘယ်အာဏာရှင်မှ လွတ်လပ်ခွင့် ကို လိုလိုချင်ချင်နဲ့ ပေးရိုးထုံးစံမရှိဘူး ပါဘူး၊ လွတ်လပ်ခွင့်ကို လိုချင်ရင်တိုက်ယူမှရတယ်။ ဒီနေရာမှာ **Martin Luther King** ရဲ့ စကားလေးကိုဖေါ်ပြချင်ပါတယ်၊

**“We know through painful experience that freedom is never voluntarily given by the oppressor; it must be demanded by the oppressed.”**

**Martin Luther King, Junior**
**Civil rights activist and Nobel Peace Prize winner in 1964**

ဖန်ခွက်ထဲမှာ နွားနို့ ဟာတဝက် တိတိရှိပါတယ် ဆိုတဲ့ စာသားလိုပါဘဲ ယူမသောက်နိုင်ပါဘူး ဘာကြောင့် လဲဆိုတော့ ကျုပ်တို့ လူမျိုးရဲ့ ကောက်ရိုးမီးစရိုက်တွေကို သိထားလို့ပါ။ စစ်အာဏာရှင်နဲ့ အတူတကွပူးပေါင်းပြီး တနေ့ ကျရင်ဒီမိုကရေစီနိုင်ငံဖြစ်ရမယ် ဆိုတာမျိုးပြောလို့ မရပါဘူး။ ကိုယ်ကျင့်တရားနဲ့ အတွေးအခေါ်တွေကိုမပြင်နိုင်ပဲအရင်ဦးနုအစိုးရလက်ထက်၊ အာဏာရှင်နေဝင်းလက်ထက် ၊ စောမောင်၊ သန်းရွှေ လက်ထက် ယနေ့ ထိဖေါက်ပြန်ချစားမှုတွေ တပုံကြီးနဲ့ အုပ်ချုပ်ခဲ့ကြတာ ၆၁ နှစ်ရှိသွားပြီဆိုတာအားလုံးအသိပဲ၊ ဆိုလိုချင်တာက ကျနော်တို့ ဟာအဲဒီလိုအခြေအနေတွေကို သေသေချာချာပြန်စဉ်းစားကြည့် ရင် နေဝင်း ထူထောင်နေတဲ့ အာဏာရှင်ယန္တယားကို ပြုပြင်ချင်လို့ ဆိုပြီးမဆလပါတီထဲဝင်၊ စစ်တပ်ထဲဝင်လုပ်ကြတာ ဘာတွေဖြစ်ကုန်ကြလဲ။ နောက်ဆုံးပြင်မရတော့ လဲ အမျှားမိုးခါးရေသောက်ရင် ငါလဲမိုးခါးရေသောက်မယ်ဆိုတာထက် မပိုခဲ့ကြပါဘူး။ တယောက်စ နှစ်ယောက်စတော့ ကောင်းအောင်ကြိုးစားရင်းနဲ့ အသက်ပေးသွားကြတာရှိခဲ့ ဖူးပါ တယ်။ ‘ပူး’ သတ်မယ်ဆိုရင်ကိုယ်ကခိုင်မာပြတ်သားတဲ့ အတွေးအခေါ် ရှိမှဖြစ်မှာပါ။ အဲဒီအတွေး အခေါ်မျိုး နဲ့ မြန်မာ့ သမိုင်းမှာတခါမှ မအောင်မြင်ဖူးသေးဘူး။

တိုးတက်မဲ့အတွေးအခေါ်တွေနဲ့ မြန်မာပြည်ဒီမိုကရေစီအရေးအတွက်စစ်အာဏာရှင်ကိုဆန့် ကျင်ရမဲ့အလုပ်မျိုးမှာတော့ ရောင့်ရဲစရာမလိုပါဘူး။အလျှော့ပေးညှိနှိုင်းစရာလဲမလိုဘူး၊ လိုချင်တာက မြန်မာပြည်မှာ စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းဖို့ နဲ့ ဒီမိုကရေစီစနစ်ဖြင့် တဆက်တည်းအစားထိုးနိုင်ဖို့ ပဲ။ စစ်တပ်ကအချိန်မရွေး တိုင်းပြည်အာဏာကို သိမ်းယူပြီး ပြည်သူတွေကိုစစ်ကျွန်ဘဝလုပ်ဖို့ အတွက်တော့ ခွင့် မပြုနိုင်ဘူး။ ၁၉၈၈ ခုနှစ်ကစခဲ့တဲ့ ဒီမိုကရေစီတော်လှန်ရေးကြီးကို ဒီအတိုင်းအဆုံးသတ်မခံနိုင်ဘူး။

အလုပ်တခုဟာ စပြီးရင် အဆုံးသတ်နိုင်ဖို့ လိုပါတယ်။ ကျနော်တို့ စလုပ်တုန်းက အဆုံးဘယ်လိုသတ်မယ်ဆိုတာ သေသေချာချာမတွေးခဲ့မိပဲ ၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံကြီးကိုစခဲ့မိတာပါ။ အခုအနှစ်၂၀ကြာလာတော့ စမိခဲ့တဲ့အလုပ်ကို ဖြစ်သလိုအဆုံးသတ်ချင်သူတွေနဲ့ အဆုံးမသတ်တော့ပဲ စစ်အာဏာရှင်နဲ့ပေါင်းတော့မဲ့အခြေအနေတွေကိုစိတ်ဓါတ်မခိုင်မာသူတွေက လုပ်လာကြတာတွေ့ ရပါတယ်။ (ဥပမာNCGUB ကဦးဆောင်ပြီး ၇ ဖွဲ့ ပါတဲ့ အင်အားစုတို့ ဩဂုတ် ၂၀၀၉ ဂျကာတာမှာလုပ်ခဲ့တဲ့ အ မျိုးသား ပြန်လည်ရင်ကြားစေ့ ရေးဆိုပြီးလက်နက်ချရေးလမ်းစဉ်လိုလို၊ ငွေတောင်းခံရေးလမ်းစဉ်လိုလို လုပ်ပုံမျိုးပေါ့ ။)

သေသေချာချာဆန်းစစ်ကြည့်လျှင်ကျနော်တို့ ဟာတိတိကျကျယုံကြည်တဲ့ လမ်းစဉ်မရှိပဲဒီမိုကရေစီအရေးတော်ပုံကိုဆင်နွှဲနေတာပဲဆိုတာ၊ ဥပမာအကြမ်းမဖက်တဲ့လမ်းစဉ်လား (သို့ )အကြမ်းဖက်တဲ့လမ်းစဉ်လား၊ အကြမ်းမဖက်တဲ့ လမ်းစဉ်ဆိုရင် ဘယ်အဆင့်ထိကျ

နော်တို့ကြိုးစားခဲ့ကြဖူးသလဲ – ဥပမာ ဂန္ဒီလမ်းစဉ်၊ ဒါမှမဟုတ်ရင် အကြမ်းဖက်တဲ့ လမ်းစဉ်လား၊ ဒါလဲကျုပ်တို့ဘယ်အဆင့်ထိလုပ်ခဲ့ကြဖူးသလဲ –ဥပမာ PLO အဖွဲ့ ဒါမှမဟုတ်ရင် လမ်းစဉ်နှစ်ခုစလုံးကိုသေသေချာချာလုပ်ဖူးကြသလားဆိုတာလဲ စဉ်းစားဖို့လိုပါတယ်။

ဒီမိုကရေစီတော်လှန်ရေးကြီး မအောင်မြင်နိုင်တော့ပါဘူးဆိုတဲ့ အတွေးအခေါ် ခေါင်းထဲရောက်လာတာ သေသေချာချာ ပြန်စဉ်းစားကြဖို့လိုပါတယ်။ မနိုင်၍သည်းခံရခြင်းမဟုတ်ပါဘူး၊ တကယ့်အလုပ်တွေကို အလုပ်နဲ့တူအောင် စဉ်းစားပြီးမလုပ်ခဲ့လို့ပါ။

အစကို ပြန်တွက်ကြည့်လျှင် ၁၉၈၈ လူထုအုံ ကြွမှုအပေါ် နေဝင်းစစ်တပ်က နောက်ဆုံးအာဏာ သိမ်းမယ်ဆိုတာ ကျနော်တို့သိခဲ့ပါတယ်။ ဒါပေမဲ့ ကျနော်တို့မှာအတွေ့အကြုံမရှိတော့  အစီအစဉ်တကျနဲ့  လူထုအုံကြွမှုကို ဦးမဆောင်နိုင်ခဲ့ပါဘူး။ ခိုင်မာတဲ့ ဦးဆောင်မှု အဖွဲ့အစည်းလည်း မရှိခဲ့ခြင်းတို့ကြောင့် စစ်တပ်ကအာဏာသိမ်းတာခံခဲ့ရတာပါ။

တောထဲထွက်လာတဲ့ အင်အားစုများကို ပြန်ကြည့်ပါ။  အစပိုင်းငါးနှစ်ကနေ ဆယ်နှစ်အတွင်းမှာ မဟာမိတ်လူမျိုးစုများနဲ့ပဋိပက္ခများ၊ အတွေ့အကြုံမရှိသေးတဲ့ သဘာဝအခြေအနေတွေနဲ့လုပ်ငန်းပိုင်းဆိုင်ရာ သဘောတရားများ၏ လိုအပ်ချက်ကြောင့်လို့ပြောလျှင်ရပေမဲ့ နောက်ဆယ်နှစ်ကာလပိုင်းကတော့ကျုပ်တို့တော်လှန်ရေးကို ဦးဆောင်မှုနေရာရောက်နေသူများ၏ ညံ့ဖျင်းမှုလို့ဝန်ခံရမှာဖြစ်ပါတယ်။ တိုက်ပွဲတခုရဲ့အရှုံးအနိုင်ဟာ ခေါင်းဆောင်မှုပေါ်မှာအများကြီးတည်ပါတယ်။ ပြည်သူဆိုတာကတော့ သူတို့ကိုစည်းရုံးတဲ့လူနောက်လိုက်တာများတာပဲ။ ကျုပ်တို့ဘက်က ဦးဆောင်မှုကောင်းကောင်းပေးနိုင်လျှင်ကျုပ်တို့ဆီလာမှာပဲ။

**နိုင်ငံရေးအရပဲ** တိုက်မယ်ဆိုသူများကလည်း ကိုယ်ပိုင်နိုင်ငံရေးအတွေးအခေါ် မရှိပဲ စစ်အာဏာရှင်ပြောတာကို နောက်ကလိုက်လုပ်တဲ့ နောက်မြီးဆွဲ နိုင်ငံရေးအဆင့် လောက်သာရှိပါတယ်။ ကြိုးစားပြီးတိုးတက်ဖို့ဆွေးနွေးလျှင်လည်း သူတို့နဲ့မသင့်တဲ့အတွက်နိုင်ငံရေးမှာ မတက်လာအောင် အုပ်စုဖွဲ့ပြီးဗိုလ်ကျမှုတွေလုပ်ခဲ့ကြတယ်။အဆိုးဆုံးကကိုယ့်အလုပ်ကိုယ်မလုပ်ကြပဲ နိုင်ငံတကာကိုအားကိုးနေခြင်းပဲဖြစ်တယ်။

**စစ်ရေးအရပဲ** တိုက်မယ်ဆိုသူများကလည်းသမရိုးကျစစ်ရေးနည်းတွေကို ကျော်လွန်ပြီး မစဉ်းစားခြင်း၊ ရန်သူအထိနာနိုင်မဲ့နေရာများကိုရွေးပြီးတိုက်ခိုက်ခြင်း၊ အဆုံးစွန်ဆုံး ရန်သူရဲ့အဓိကစစ်ခေါင်းဆောင်များကိုဖယ်ရှားရန်ကြိုးစားခြင်း စတာတွေကိုထိထိရောက်ရောက် မလုပ်ခဲ့ကြတာအားလုံးအသိပဲ၊ အဲဒီတော့ ဘယ်ဟာကို ကျုပ်တို့သေသေချာ

ချာလုပ်ဖူးလဲ ဆိုတာကိုယ့်ကိုကိုယ်မေးရမယ်။

နောက်ဆုံး၂၀၀၃ ခုနှစ် ခင်ညွန့်ကတိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ တွေ့ဆုံဆွေးနွေးပြလိုက်တော့ အားလုံးကအဟုတ်ထင်ပြီးစေ့စပ်ညှိနှိုင်းရေးလမ်းစဉ်ပေါ်ကိုရောက်ကုန်ကြတာပါပဲ။ ဒီနေရာမှာအခြေခံသဘောထား မတူညီမှုကြောင့်လို့ယူဆတယ်။ အခြေခံသဘောတရားကို ပိုင်ပိုင်နိုင်နိုင်သဘောပေါက်ထားလျှင်–ကျုပ်တို့တိုင်းပြည်မှာ ဒီမိုကရေစီစနစ်ကို အုတ်မြစ်ချထူထောင်ရမှာ။ အဲဒီမှာစစ်အာဏာရှင်စနစ်ကိုအရင်ချုပ်ငြိမ်းအောင်လုပ်ရမယ်။ ဘာကြောင့်လဲဆိုတော့ စစ်အာဏာရှင်စနစ်မရှိမှဒီမိုကရေစီစနစ်ကိုစလို့ရမှာဖြစ်လို့ပဲ။

အဲဒီလိုသာသဘောတရားကို ရှင်းရှင်းလင်းလင်းနားလည်ထားလျှင် စစ်တပ်ကပြောတာတွေကိုလိုက်ပြီး နားယောင်နေစရာမလိုဘူး။ စစ်အာဏာရှင်စနစ် ထိခိုက်စေမည့်မည်သည့်နည်းမဆို ကျုပ်တို့ကြိုးစားသင့်တယ်။ ဆက်တိုက် ကြိုးစားလျှင်နောက်ဆုံးမှာစစ်အာဏာရှင်စနစ်ကို ထူထောင်ထားသူများကို ဦးစားပေးဖယ်ရှားဖို့ပိုကြိုးစားရင်းနဲ့ကျုပ်တို့လို ကြိုးစားတဲ့လူတွေ များလာလျှင်အာဏာရှင်အုပ်စုကျဆုံးမှာပဲ။

သမိုင်းကိုပြန်ကြည့်ပါ၊ မျိုးဆက် ၅ ဆက်မရပ်မနားစူးစူးစိုက်စိုက်မြန်မာတိုင်းရင်းသားတို့သွေးချွေးဖြင့်တိုက်လာခဲ့ရသောကြောင့်လွတ်လပ်ရေးရခဲ့သည်ဟု ဗိုလ်ချုပ်ကျော်ဇောကသုံးသပ်ထားပါတယ်။ လူလိုနားလည်သော အင်္ဂလိပ်လက်အောက်က လွတ်လပ်ရေးတိုက်ပွဲဝင်ရာတွင် ဗိုလ်ချုပ်အောင်ဆန်း ကသွေးထွက်သံယိုမှုမရှိဘဲ လွတ်လပ်ရေးမရနိုင်လို့ အိန္ဒိယပြည်ရမ်းကားညီလာခံအသွား “ လာဟို” မြို့မှာပြောခဲ့သလိုပါဘဲ၊ (၁၉၄၀ မတ်လ ၂၉ရက်)။

ယခု ကျုပ်တို့က လူလိုနားမလည်သော စစ်အာဏာရှင်နေဝင်းရဲ့သား သန်းရွှေ စစ်အုပ်စုကို မြန်မာမြေပေါ်မှ အပြီးတိုင် ဖယ်ရှားသုတ်သင်ပြီးမှ ဒီမိုကရေစီစနစ်ကို စတင်အုတ်မြစ်ချ ထူထောင်ရမှာဆိုတော့ ပိုပြီးတောင်သွေးထွက်သံယိုမှုဖြစ်ပြီးမှရမှာသေချာတယ်၊ ဝေးဝေးမကြည့်နဲ့။ ၁၉၈၈ ဒီမိုကရေစီရေးလူထုအုံကြွမှုကို ပြန်ကြည့်ပါ။ မြန်မာ့သမိုင်းမှာအကြီးမားဆုံးသော တနိုင်ငံလုံးလူထုအုံကြွမှုကြီးပဲ။ သွေးထွက်သံယိုမှုတွေလဲလူထောင်နှင့်ချီ၍သေဆုံးခဲ့တာပါပဲ။ ဒါတောင်မှနောက်ဆုံးမှာ နေဝင်း၏ခါးပိုက်ဆောင် စစ်တပ်ကပြည်သူ့မျက်နှာကိုမထောက်ပဲ အာဏာရှင်တွေအတွက်စစ်တပ်အာဏာသိမ်းပြီး၊ စစ်အာဏာရှင်စနစ်ကိုပဲ ပြန်ထူထောင်သွားခဲ့တာ ကျုပ်တို့အားလုံးအသိပါ။ (နောင်မှာစစ်တပ်က **ဘယ်တော့ မှအာဏာမသိမ်းနိုင်ရန်** လိုအပ်ချက်ကိုစဉ်းစားထားဖို့လိုပါတယ်။)

ဒါတင်ဘယ်ကမလဲ။ ၂၀၀၇ စက်တင်ဘာ သံဃာ့အရေးအခင်းရော ဘာဖြစ်သွားသလဲ။

ဘုန်းကြီး ရဟန်းတွေကို ရိုက်သတ်တဲ့အဆင့်၊ ဘုန်းကြီးကျောင်းတွေကိုဝင်ပြီးရိုက်နှက်ဖျက်ဆီးတာပဲ။ လူလိုနားလည်ရင် ဒီလိုမလုပ်ဘူး။ ကိုယ့်အမျိုးသားချင်းသတ်တာ၊ သာသနာ့ဝင်တွေကိုပါသတ်တာ၊ ဒီကိစ္စသေးသေးလေးမဟုတ်ဘူး။ ဒါတွေကိုသေသေချာချာမစဉ်းစားပဲ စစ်တပ်က တိုင်းပြည်အတွက်ကောင်းအောင် လုပ်ပေးမှာပဲလို့ စဉ်းစားတာဟာ ဖေါက်ပြန်တဲ့အတွေးအခေါ်ပဲ။ စစ်တပ်က ပြည်သူကိုသတ်တာ ၁ခါ မဟုတ်ဘူး။ ၁၀ ခါမကတော့ဘူး။။ စဉ်းစားကြ၊ သွေးမကြောင်ကြနဲ့ ။

<u>သန်းရွှေခေတ်ရောက်မှ သံဃာက စစ်သားတွေကို ထိုင်ကန်တော့ ရတဲ့ ဘဝရောက်တော့ တယ်</u>



မြန်မာပြည်ကစစ်အာဏာရှင်စနစ်က ၄၇ နှစ်သက်တမ်းရှိနေပါပြီ။အမြစ်ပါတွယ်နေတာ၊ ပင်စည်ကို ဖြတ်ရုံနဲ့ တင်မရတော့ပါဘူး။ အမြစ်ကနေတူးပစ်ရမှာပါ။ ခင်ဗျားတို့ ကျုပ်တို့က စိတ်ကူးယဉ်ပြီးအာဏာရှင်နဲ့ ပေါင်းပြီးရသလောက်ပဲလုပ်မယ်ဆိုသူများကိုပြောလိုက်မယ်၊ ခင်ဗျားတို့ ပဲ အာဏာရှင်အသေးလေးတွေဖြစ်သွားမှာ။ ကျုပ်ပြောရဲ တယ်။ အာဏာရှင်ကြီးကတော့ခင်ဗျားတို့ ဘက်ကိုမပါလာပါဘူး။ ယထာဘူတကျကျစဉ်းစားပါ။ လက်ရှိမှာလဲ ခင်ဗျားတို့ ကသူ့ ဆီသွားတာပဲလေ။သူကခင်ဗျားဆီ လာတာမဟုတ်ဘူး။ သူတည်ဆောက်ထားတဲ့ အသိုက်အအုံထဲကိုသွားတာ။

**နိဂုံးချုပ်ရရင်** စစ်အာဏာရှင်နဲ့ ပေါင်းချင်သပဆိုရင်သွားပေါင်းကြပါ၊ ပြောင်ကျကျသွားကြပေ့ါ။ ခိုးကြောင်ခိုးဝှက်ဟိုလိုလိုဒီလိုလို စာတွေထုတ်၊ အစည်းအဝေးတွေလုပ်ပြီး–ပြည်သူကိုလှည့်စားတာတွေမလုပ်ကြပါနဲ့ ။ သတ္တိမရှိလို့ ၊ ကိုယ်ကျိုးရှာချင်လို့ ၊ စစ်ကျွန်ခံချင်ရင်လဲ သန်းရွှေကိုအဖေခေါ်ပြီး၊ ခြေသလုံးကိုင်ပြီးသွားကန်တော့ကြပါ။ ကိုယ့် ကိုကိုယ်ခေါင်းဆောင်ဆိုပြီး တကမ္ဘာလုံးလည်ပြောပြီးမှ ဒီလောက်လေးတော့ သတ္တိရှိရှိလုပ်ပြီးပြန်ကြပေါ့ ။ ဘယ်သူဘာပြောပြောကိုယ်လုပ်ခဲ့တာ ကိုယ်သိကြပါတယ်။

တော်လှန်ရေးတိုင်းမှာ ဖေါက်ပြန်ရေးသမားတွေ၊ လူညံ့တွေဆိုတာရှိလာစမြဲပါပဲ။ မအံ့

ညြပါဘူး။ ကိုယ့်ကိုယ်ကိုဝေဖန်ဆန်းစစ်မှုမရှိပဲ မလုပ်နိုင်တာကို မလုပ်နိုင်တော့ဘူးလို့ သတ္တိရှိရှိဝန်မခံရဲတဲ့သူများကိုကျုပ်တို့ တော်လှန်ရေးမှာ မလိုဘူး။ သတ္တိရှိပြီးယုံကြည်ချက်ရှိတဲ့လူတွေနဲ့ **ရန်/ငါ** စည်းပြတ်သူများသာ ကျုပ်တို့ တော်လှန်ရေးအတွက်အလိုရှိတယ်။

ကျုပ်ပြောချင်တဲ့ “တ”သုံးလုံးမှု ကတော့ **တာဝန်ယူမှု၊ တာဝန်သိတတ်မှု၊ တာဝန်ကျေပြွန်မှု** တွေကိုနားလည်တဲ့ လူတွေနဲ့ ပေါင်းပြီး အာဏာရှင်စနစ်ကို မြန်မာ့မြေပေါ်မှအပြီးတိုင်ဖယ်ရှားရမယ် ဆိုတာပါဘဲ။

ကျေးဇူးတင်စွာဖြင့်

စိုးလွင်
ဆစ်ဒနီမြို့
၂၃၊၀၉၊၂၀၀၉